ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ရှိနေခဲ့ပြီး ကိုယ်တော်သည် မျိုးနွယ်စုတစ်ခု၏အမှိုက်စွန့်ပစ်သည့်နေရာသို့ ရောက်လာခဲ့သည်။

ကိုယ်တော်သည် ရပ်လျက်အပေါ့သွားတော်မူသည်။

ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ရှိနေခဲ့ပြီး
ကိုယ်တော်သည် မျိုးနွယ်စုတစ်ခု၏ အမှိုက်စွန့်ပစ်သည့်နေရာသို့ ရောက်လာခဲ့သည်။
ကိုယ်တော်သည် ရပ်လျက်အပေါ့သွားတော်မူသည်။ ကျွန်တော်သည် ကိုယ်တော်နှင့်
ခပ်လှမ်းလှမ်းတွင် နေခဲ့ရာ ကိုယ်တော်က အနားလာပါဟု မိန့်ကြားတော်မူသည်။
ထို့ကြောင့် ကျွန်တော်သည် အနားသို့တိုးသွားပြီး ကိုယ်တော်၏ အနောက်တွင်
ရပ်နေခဲ့သည်။ ထို့နောက် ကိုယ်တော်သည် ဝုဿွူပြုတော်မူပြီး
မိမိ၏ခြေအိတ်နှစ်ဖက်ပေါ်တွင် မစဟ်ပြုတော်မူသည်။
[صحيح] [متفق عليه]

ဟုဇိုင်ဖဟ်ဗင်န် ယမာန်(ရဿွိယလ္လာဟုအန်ဟုမာ)က ပြောပြသည်မှာ သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ရှိနေခဲ့ပြီး ကိုယ်တော်သည်အပေါ့သွားချင်လာသည့်အခါ မျိုးနွယ်စုတစ်ခု၏ အမှိုက်စွန့်ပစ်သည့်နေရာသို့သွားခဲ့သည်။ ထိုနေရာသည် အမှိုက်များနှင့် အိမ်များမှ လှည်းကျင်းထားသည့် သဲများစွန့်ပစ်ထားသည့် နေရာဖြစ်သည်။ ကိုယ်တော်သည် ထိုင်၍သာ အပေါ့သွားလေ့ရှိသော်လည်း (ထိုနေရာတွင်) ရပ်လျက်အပေါ့သွားတော်မူသည်။ ဟုဇိုင်ဖဟ်သည် ကိုယ်တာ်နှင့်ခပ်လှမ်းလှမ်းသို့ ထွက်သွားခဲ့သည်။ ထိုအခါကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က သူ့အား အနားသို့လာရန်မိန့်ကြားသောကြောင့် ဟုဇိုင်ဖဟ်သည် အနားသို့တိုးသွားပြီး ထိုအခြေနေမျိုးတွင်ကိုယ်တော့်အား အခြားသူများမမြင်နိုင်အောင် ကိုယ်တော်၏ အနောက်ဖက် ခြေထောက်နားတွင်ရပ်နေခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်ဝုဿွူပြုတော်မူပြီး ခြေနှစ်ဖက်ကို ဆေးကြောရမည့်အချိန်တွင် ကိုယ်တော်သည်ခွဖ်ဖိုင်းန် (သားရေအပါး သို့မဟုတ် အလားတူအရာဖြင့် ပြုလုပ်ထားပြီးခြေမျက်စိနှစ်ဖက်ကိုပါ ဖုံးအုပ်ပေးသော ခြေထောက်တွင်ဝတ်ဆင်သည့် ခြေအိတ်) နှစ်ဖက်အားမချွတ်ဘဲ ထိုပေါ်တွင် မစဟ်ပြုတော်မူသည်။

http://www.sunnah.global/hadeeth/my/show/3075